မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 29 Humark Post Office Bangkok 10243 Thailand Tel : (66) (02) 391 0759 Fax : (66) (02) 382 2153 E-mail : blcsan@ksc.th.com

# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲ အမှတ်စဉ် (၅) သတင်းထုတ်ပြန်ချက်

စက်တင်ဘာလ (၁၄) ရက်၊ ၂၀၀၄ ခုနှစ်

မြန်မာနိုင်ငံရှေ့နေများကောင်စီမှ ကမကထ ပြုလျှက် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာဆွေးနွေးပွဲ အမှတ်စဉ် (၅) ကို ထိုင်းမြန်မာနယ်စပ်တနေရာတွင် စက်တင်ဘာလ (၁၁) ရက်နေ့ကကျင်းပခဲ့ပြီး အောက်ပါအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

| | |
|---|---|
| အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်လွတ်မြောက်နယ်မြေ (လူငယ်) မှ | (၄) ဦး၊ |
| ပလောင်အမျိုးသမီးအဖွဲ့ မှ | (၂) ဦး၊ |
| ပလောင်လူငယ် မှ | (၂) ဦး၊ |
| ကရင်အမျိုးသမီးအစည်းအရုံး မှ | (၃) ဦး၊ |
| မြန်မာ့အမျိုးသမီးသမဂ္ဂ မှ | (၃) ဦး၊ |
| သတင်းမီဒီယာ စောင့်ကြည့်လေ့လာရေး အဖွဲ့ မှ | (၆) ဦး၊ |
| အမျိုးသားတိုးတက်ဖွံ့ ဖြိုးရေးကွန်ဂရက်မှ | (၁၀) ဦး၊ |
| မြန်မာနိုင်ငံရှေ့ နေများကောင်စီ မှ | (၇) ဦး၊ |
| စုစုပေါင်း | (၃၇) ဦး |

သဘာပတိအဖြစ် မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် **(DAB)** မှ ခေါင်းဆောင်တဦးဖြစ်သော ပြည်သူ့ကာကွယ်ရေးတပ် ဉက္ကဌ ဦးကျော်ထက်  က ဆောင်ရွက်ခဲ့သည်။

 အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ (လူငယ်) ကိုကျော်ထွန်းက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် မြန်မာနိုင်ငံရေး ပြဿနာပြေလည်စေရေးအတွက် တိုင်းရင်းသားပြဿနာတွေကို အရင်ရှင်းရမည်ဆိုတဲ့အကြောင်း၊ မဟာဗမာဆိုပြီးထင်ရာစိုင်းနေ၍ မဖြစ်ကြောင်း၊ အမျိုးသားလွှတ်တော်တက်ရာတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအဓိက တိုင်းရင်းသားများ အဓိကပါဝင်သင့်ကြောင်း၊  တရားစီရင်ရေး၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးစသည့် အာဏာကြီးသုံးရပ် အားပြိုင်မှုဖြစ်အောင်ထားရှိပြီး ကြီးကြပ်ထိန်းကြောင်းရန် ၎င်းတို့အထက်တွင် ဦးသျှောင်အဖြစ် အဖွဲ့တစ်ခုရှိသင့်ကြောင်း စသည်တို့ကို အကြံပြုဆွေးနွေးသွားသည်။ ဆွေးနွေးပွဲတက်ရောက်လာသူ အချို့က မဟာဗမာကို ကျင့်သုံးနေသူမှာ စစ်အာဏာရှင်များသာဖြစ်ပြီး ဗမာလူထုများ မဟုတ်ကြောင်းနှင့် စစ်အာဏာရှင်များ၏ ဖိနှိပ်အုပ်ချုပ်မှုအောက်တွင် ဗမာတွေဟာလည်း အခွင့်ထူးမရဘဲ အခြားတိုင်းရင်းသားများလိုဘဲ ဖိနှိပ်မှုခံစားနေကြရကြောင်းဖြင့် ထောက်ပြ ဆွေးနွေးသွားခဲ့ကြသည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ**(BWU)** မှ မငြိမ်းငြိမ်းက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများရာနှုန်းအလိုက် ပါဝင်စေရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးရာ မြန်မာနိုင်ငံတွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အခန်းကဏ္ဍတွေမှာ အမျိုးသမီးတွေပါဝင်ခွင့်နည်းပြီးတော့ အမျိုးသားတွေနဲ့ခွဲခြားထားတာတွေ့ရကြောင်း၊ မြန်မာနိုင်ငံ၌ အမျိုးသမီးရေးရာ ကော်မတီအဖွဲ့ ဖွဲ့ထားသော်လည်း အမျိုးသမီးတွေကို နိုင်ငံရေးနှင့် အသိပညာတိုးတက်

ရေးအတွက် ဖောင်းပေးလုပ်ဆောင်တာမျိုးမရှိဘဲ လုယဉ်ကျေးမယ် ပြုလုပ်ခိုင်းပြီး အလှအပဘက်ကိုသာ စိတ်ဝင်စားအောင်ပြုလုပ်ထားကြောင်း၊ လွှတ်တော်တွေမှာ အမျိုးသမီးတွေကို ၂၅%ပါဝင်စေလိုကြောင်း စသည်တို့ကို အကြံပြုဆွေးနွေးသွားသည်။ ဆွေးနွေးပွဲတက်ရောက်သူ အမျိုးသားတစ်ဦးမှ အမျိုးသမီးတွေနိုင်ငံရေးတွင် ပါဝင်လာအောင် အစီအစဉ်တွေ ဘယ်လိုရှိသလဲဆိုတာကို မေးမြန်းဆွေးနွေးသွားသည်။

အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးကွန်ကရက် **(NDC)** မှ မနော်ကူးက လူတစ်ဦးခြင်းစီ၏ အခွင့်အရေး၊ တိုးတက်ဖွံ့ဖြိုးမှုနှင့် ဖွဲ့စည်းပုံကို အခြေခံဥပဒေခေါင်းစဉ်ဖြင့်ဆွေးနွေးခဲ့သည်။ တိုးတက်ဖွံ့ဖြိုးမှု၏အဓိပ္ပါယ်ကို ရှင်းလင်းဆွေးနွေးပြီးနောက် လူတဦးခြင်းစီ၏ အခြေခံလွတ်လပ်မှု အခွင့်အရေးများမရှိလျှင် တိုးတက်ဖွံ့ဖြိုးမှုကို ရှာဖွေနိုင်မည်မဟုတ်ကြောင်း၊ လူတဦးခြင်းစီ၏ အခြေခံလွတ်လပ်မှု အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် တရားစီရင်ရေးကဏ္ဍသည် အရေးကြီးကြောင်း၊ တရားစီရင်ရေး လွတ်လပ်မှုရှိမှသာ ယင်းသို့ ကာကွယ်စောင့်ရှောက်နိုင်မည်ဖြစ်ကြောင်း၊ ဖြင့် ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်းချက်အချို့ကို ဖတ်ကြားရှင်းလင်းဆွေးနွေး သွားသည်။ ဆွေးနွေးပွဲတက်ရောက်သူများက တိုးတက်ဖွံ့ဖြိုးရေးအတွက် တိုင်းပြည်၏ အခြားသောကဏ္ဍများ ရှုဒေါင့်မှလည်း စဉ်းစားသင့်ကြောင်း၊ ပညာရေးသည်လည်း တိုးတက်ဖွံ့ဖြိုးမှုအတွက် အရေးကြီးသဖြင့် ဖွဲ့စည်းပုံတွင် ရှင်းရှင်းလင်းလင်း ထည့်သွင်းပြဋ္ဌာန်းသင့်ကြောင်းဖြင့် အကြံပြုဆွေးနွေးသွားကြသည်။

သတင်းမီဒီယာစောင့်ကြည့်လေ့လာရေးအဖွဲ့**(Media Watch)** မှ မသင်းသင်းက အမျိုးသမီး၏ ကိုယ်ပိုင်ရပ်တည်စီမံပိုင်ခွင့်နှင့် ကလေး၏ အသက်ရှင်သန်ပိုင်ခွင့်ကိုအခြေခံကါ ကိုယ်ဝန်ဖျက်ချသည့်ကိစ္စအပေါ် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ မည်သို့ချည်းကပ်သင့်ကြောင်းဖြင့် ဆွေးနွေးသွားသည်။ သူမက ကာမဂုဏ်အာရုံကို ခံစားကြတာခြင်းအတူတူ အကျိုးဆက်တွေအပေါ်မှာ အမျိုးသမီးတွေကဘဲ ခံစားကြရတာမျိုးမဖြစ်သင့်ကြောင်း။ လက်ရှိ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရဆိုလျှင် ကိုယ်ဝန်ဖျက်ချသည့် အမျိုးသမီးမှန်သမျှသည် ရာဇဝတ်ကောင်များဖြစ်နေကြောင်း၊ အမျိုးသမီးတွေကို တရားမျှတမှုခံစားခွင့်မပေးလျှင် တရားမျှတတဲ့ လူ့အဖွဲ့အစည်းမဖြစ်နိုင်ကြောင်း။ တဘက်တွင်လည်း မိခင်ဝမ်းဗိုက်အတွင်းရှိ သန္ဓေသား၏အသက်ကို တိုင်းပြည်မှ ကာကွယ်စောင့်ရှောက်ရန်လည်း **(Intervention of the State)** တာဝန်ရှိသဖြင့် ယင်းအခြေခံများအပေါ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ မည်သို့ပြဋ္ဌာန်းသင့်သည်ကို စဉ်းစားရန် လိုအပ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသွားခဲ့သည်။ ဆွေးနွေးပွဲ တက်ရောက်သူများက ကိုယ်ဝန်ဖျက်ချသည့်ကိစ္စကို အတင်းအဓမ္မ ကိုယ်ဝန်ရရှိစေသည့် အခြေအနေများနှင့် ကျန်းမာရေးရှုဒေါင့်မှလည်း စဉ်းစားသင့်ကြောင်း၊ အဖိုမျိုးဉ နှင့် အမမျိုးဉ ပေါင်းစပ်ပြီးနောက် မိခင်ဝမ်းဗိုက်အတွင်းမှ သန္ဓေသားမှာ အသက်ဟူ၍ ထင်ရှားလာပြီးနောက်တွင်မူ မိခင်၏ကိုယ်ပိုင်ရပ်တည်စီမံခွင့်ကို ဥပက္ခာပြုကါ အမိဝမ်းတွင်းရှိ သန္ဓေသား၏ အသက်ရှင်ရပ်တည်ပိုင်ခွင့်ကို တိုင်းပြည်မှ ဝင်ရောက်ကာကွယ်စောင့်ရှောက်နိုင်ရေးအခြေခံမှ ဖွဲ့စည်းပုံအခြေခံဥပဒေက စဉ်းစားသင့်ကြောင်းဖြင့် အမြင်ဖလှယ်ဆွေးနွေးသွားကြသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ ဥပဒေအထောက်ကူပြဋ္ဌာနမှ ကိုလင်းထက်က လွတ်လပ်သောတရားစီရင်ရေးကို အာမခံချက်ပေးနိုင်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာပြဋ္ဌါန်းချက်များကို ဆွေးနွေးသွားခဲ့ပြီး နအဖမှ (၁၀၄)အရ သမ္မတက စိတ်ကြိုက်ခန့်အပ်လိုက်သည့် တရားသူကြီးချုပ်သည် ဥပဒေအရ အရည်အချင်းမပြည့်စုံခြင်း ဟူသောအကြောင်းမှလွဲ၍ လွှတ်တော်မှ ငြင်းပယ်နိုင်ခြင်းမရှိသဖြင့် ဤမူများအရသာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာလျှင် တရားစီရေး လွတ်လပ်မှု မရှိနိုင်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသွားခဲ့သည်။ ဆွေးနွေးပွဲတက်ရောက်သူများက ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရာစီရင်ရေးစသော အာဏာကြီးသုံးရပ်တွင် တခုခြင်းစီသည် သီးခြားလွတ်လပ်မှုရှိနေသည့် တချိန်တည်းတွင်း တခုနှင့် တခု အပြန်အလှန်ကြပ်မတ်နိုင်သည့် အနေအထားမျိုးကိုလည်း စဉ်းစားသင့်ကြောင်း အကြံပြုဆွေးနွေးသွားကြသည်။

မြန်မာနိုင်ငံ ရှေ့နေများကောင်စီ၏ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးမှ ဆွေးနွေးမှုအားလုံးအပေါ် ခြုံငုံသုံးသပ်သွားခဲ့ပြီး သဘာပတိ ဦးကျော်ထက်က နိဂုံးချုပ် မိန့်ခွန်းပြောကြားကာ ဆွေးနွေးပွဲကို အဆုံးသတ်ခဲ့သည်။

မြန်မာနိုင်ငံ၏အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်တွင် အခြေခံတိုင်းရင်းသား ပြည်သူများ၏သဘောထားဆန္ဒများကို ထင်ဟပ်နိုင်ရေး၊ ၎င်း တို့တင်ပြဆွေးနွေးခွင့်၊ အကြံပြုခွင့်များ ရရှိရေး အတွက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ မှ တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်လျှက် ရှိပါသည်။ စိတ်ဝင်စားသော ပုဂ္ဂိုလ်များ၊ အဖွဲ့ အစည်းများ၊ ပညာရှင်များ၊ သတင်းဌာနများ၊ ခေါင်းဆောင်များ၊ အစိုးရများ အနေဖြင့် ပူးပေါင်းဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်

မြန်မာနိုင်ငံ၏အနာဂါတ် ဖက်ဒရယ်ပြည်ထောင်စုနှင့် ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေများ ပေါ်ပေါက်လာရေး လုပ်ငန်းစဉ်တွင် အခြေခံတိုင်းရင်းသား ပြည်သူများ၏သဘောထားဆန္ဒများကို ထင်ဟပ်နိုင်ရေး၊ ၎င်း တို့တင်ပြဆွေးနွေးခွင့်၊ အကြံပြုခွင့်များ ရရှိရေး အတွက် မြန်မာနိုင်ငံ ရှေ့နေများကောင်စီ မှ တတ်စွမ်းသမျှ ကြိုးပမ်းအားထုတ်လျှက် ရှိပါသည်။ စိတ်ဝင်စားသော ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ သတင်းဌာနများ၊ ခေါင်းဆောင်များ၊ အစိုးရများ အနေဖြင့် ပူးပေါင်းဆောင်ရွက် ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်